## ၁။ ပဓာန အကျဉ်းချုပ်။ ။

၁။ လက်ရှိအစီရင်ခံစာမှ (၂၀၁၈) စက်တင်ဘာလတွင် မစ်ရှင်မှ လူ့အခွင့်အရေးကောင်စီသို့ တင်ပြခဲ့သော အစီရင်ခံစာနောက်ပိုင်း၊ မြန်မာနိုင်ငံ၌ ဆက်လက်ဖြစ်ပွားလျက်ရှိသော ပဋိပက္ခနှင့်ပတ်သက်သည့် ကျူးလွန်မှုများနှင့် တခြား လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးစားမှုများကို မွမ်းမံဖော်ပြလိုက်သည်။ ဤအစီရင်ခံစာက မြန်မာနိုင်ငံရှိ ရခိုင်၊ ချင်း၊ ကချင်၊ ရှမ်းနှင့် ကရင်ပြည်နယ်ရှိ တိုင်းရင်းသားလူနည်းစုများ၏ အခြေအနေအပေါ် အာရုံစိုက်ထားသည်။ အထူးသဖြင့်၊ အစီရင်ခံစာက ရိုဟင်ဂျာများ၊ ရက္ခိုင့်တပ်တော်နှင့် တပ်မတော်ကြားရှိ လက်နက်ကိုင်တိုက်ပွဲနှင့် မြန်မာနိုင်ငံ မြောက်ပိုင်းရှိ အခြေအနေတို့အပေါ် အာရုံစိုက်သည်။ တပ်မတော်ခေါ် မြန်မာ့စစ်တပ်က အဓိကအားဖြင့် ကျူးလွန်ခဲ့သော နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကလည်း ကျူးလွန်ခဲ့သော၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေလက်အောက်ရှိ ချိုးဖောက်မှုများ၊ အလွဲသုံးစားမှုများနှင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ ချိုးဖောက်မှုများကို အစီရင်ခံစာတွင် မှတ်တမ်းတင်ထားသည်။ ကရင်ပြည်နယ်ရှိ ကရင်လူမျိုးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့၏ အခြေအနေအပေါ် ခြုံငုံသုံးသပ်ချက်အတိုကိုလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

### ရိုဟင်ဂျာတို့၏ အခြေအနေ

၂။ ရိုဟင်ဂျာတို့၏ အခြေအနေအပေါ် မစ်ရှင်က ဆက်လက်၍ အထူးစိုးရိမ်လျက်ရှိသည်။ ယခင်အစီရင်ခံစာတွင် ဖော်ပြခဲ့သော၊ (၂၀၁၇) ဩဂုတ်လ (၂၅)ရက်တွင် ရဲကင်းစခန်းများနှင့် တပ်ရင်းဌာနချုပ်တို့ အတိုက်ခိုက်ခံရပြီးနောက်ပိုင်း၊ ဆင်နွှဲခဲ့သော တပ်မတော် "ရှင်းလင်းစစ်ဆင်ရေးများ"၏ ဆိုးရွားမှုနှင့် အဆင့်တန်းတူရှိသည့် ချိုးဖောက်မှုများကို ယခုနှစ်တွင် မစ်ရှင်က မှတ်တမ်းတင်ခဲ့ခြင်း မရှိခဲ့ပါ။ သို့သော်လည်း၊ ၎င်းတို့ကို ဆင်းရဲဒုက္ခပြင်းထန်စွာ ခံစားရစေခဲ့သော လုပ်ချက်များဖြစ်သည့်၊ ၎င်းတို့၏ သွင်ပြင်လက္ခဏာကို ဖျောက်ဖျက်ရန်၊ ၎င်းတို့ကို မြန်မာနိုင်ငံမှ ဖယ်ထုတ်ရန် ရည်ရွယ်သော အစိုးရ၏ တိုက်ခိုက်မှုများကို ရိုဟင်ဂျာတို့မှာ ဆက်လက်၍ ပစ်မှတ်ခံနေရကြောင်း မစ်ရှင်က အတည်ပြုနိုင်ပါသည်။ ထို့အပြင်၊ (၂၀၁၈) အစီရင်ခံစာတွင် မစ်ရှင်က မှတ်တမ်းတင်ခဲ့သော၊ တပ်မတော်နှင့် တခြားအစိုးရအရာရှိများက ကျူးလွန်ခဲ့သည့် လူသတ်မှုများ၊ မုဒိမ်းမှုနှင့် အုပ်စုဖွဲ့မုဒိမ်းကျင့်မှု၊ နှိပ်စက်မှု၊ အင်အားသုံး၍ ဖယ်ရှားမှုနှင့် တခြားဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပေါ်စေသည့် အကြောင်းရင်းအများစုသည် ဆက်လက် တည်မြဲနေဆဲဖြစ်သည်။ ယင်းအပေါ်မူတည်၍၊ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာတို့၏ အခြေအနေသည် ယမန်နှစ်နှင့် နှိုင်းလျှင်၊ အများအားဖြင့် ပြောင်းလဲမှုမရှိပါဟု ကောက်ချက်ချလိုက်ပါသည်။ အစိုးရက ရိုဟင်ဂျာတို့အပေါ် ဖိနှိပ်ညှဉ်းပန်းမှုကို ပံ့ပိုးသော ဥပဒေများ၊ မူဝါဒများနှင့် အလေ့အကျင့်များကို ဆက်လက်ထိန်းသိမ်းထားသည်။ နောက်ထပ်တစ်နှစ်ကုန်ဆုံးခဲ့ပြီး ရိုဟင်ဂျာတို့၏ ဆိုးရွားသော လူနေမှုအခြေအနေ တိုးတက်မှုမရှိခြင်း၊ ၎င်းတို့အပေါ် ကျူးလွန်ခဲ့သော ပြစ်မှုများအတွက် တာဝန်ခံမှု အလားအလာမရှိခြင်း၊

သို့မဟုတ် မြန်မာနိုင်ငံသားများဖြစ်ကြောင်း ဥပဒေအရ အသိအမှတ်ပြုမှုမရှိခြင်း စသည်တို့ ကြောင့်၎င်းတို့၏ အခက်အခဲဒုက္ခသည် ပိုမိုဆိုးရွားလာသည်ဟု ဆိုရမည်။

၃။ (၁၉၈၂) မြန်မာနိုင်ငံသားဥပဒေအပါအဝင်၊ ခွဲခြားဆက်ဆံမှုရှိသော ဥပဒေများကို ပြုပြင်ပြောင်းလဲခြင်းဖြင့်၊ ရိုဟင်ဂျာတို့အပေါ် ဖွဲ့စည်းပုံအရ ခွဲခြားမှုများကို ဖြေရှင်းရာတွင် မြန်မာနိုင်ငံ အစိုးရဘက်က တိုးတက်မှု မရှိခဲ့ပါ။ နိုင်ငံသား စိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NVC ကတ်) ရယူရမည်ဟု ချမှတ်ပြီး၊ ရိုဟင်ဂျာတို့ကို ၎င်းကတ်အား အတင်းအကျပ် ယူခိုင်းသော အစိုးရမူဝါဒများက ပိုမိုပြင်းထန်လာခဲ့သည်။ NVC ကတ်များက ရိုဟင်ဂျာတို့၏ မဲပေးခွင့်နှင့် တခြားအခွင့်အလမ်းများကို ကင်းမဲ့စေခဲ့သည်။ မြန်မာနိုင်ငံရှိ တခြားအုပ်စုများနှင့် မတူသော "သူစိမ်းများ" ဟူ၍လည်း ကတ်ပိုင်ရှင်များက အခွဲခြားခံခဲ့ရသည်။ NVC ကတ်များအား ဖိနှိပ်ညှင်းပမ်းရန် နည်းကိရိယာတစ်မျိုးအဖြစ် အသုံးပြုခဲ့သော ထိုကဲ့သို့ သမိုင်းကြောင်းကြောင့်၊ ရိုဟင်ဂျာတို့က ၎င်းကတ်များကို မယုံကြည်ကာ၊ မသင်္ကာစရာကောင်းသည့် ကတ်ဟု ဆက်လက်သဘောရကြသည်။

၄။ ရခိုင်ပြည်နယ်တွင် ဆက်လက် ကျန်ရှိနေသော ရိုဟင်ဂျာ (၆) သိန်းကျော်၏ ဘဝဘက်ပေါင်းစုံကို ထိခိုက်သော လွတ်လပ်စွာ သွားလာခွင့် ကန့်သတ်ချက်များကို ရိုဟင်ဂျာတို့အပေါ် ခွဲခြားဆက်ဆံပြီး စိတ်ထင်သလို သဘောဖြင့် ချမှတ်ထားကြောင်း မစ်ရှင်ကတွေ့ရှိခဲ့သည်။ ၎င်းကန့်သတ်ချက်များက မိမိကိုယ်မိမိ ထောက်ပံ့နိုင်စေရန်၊ ပညာရေးသင်ယူနိုင်ရန်၊ ဆေးဘက်ဆိုင်ရာ အထောက်အကူ ရနိုင်ရန်၊ သို့မဟုတ် ဘာသာရေးဝတ်ပြုရန်နှင့် လူစုဝေးရန် အပါအဝင်၊ အခြေခံ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ပိုင်ခွင့်များကို ထိခိုက်စေသည်။

၅။ ရိုဟင်ဂျာတို့ ပြန်လာရန် လုံခြုံ၍ အလားအလာကောင်းသော အိမ်ခြေများနှင့် မြေယာများ မရှိသောကြောင့် ၎င်းတို့၏ အခြေအနေက ဆက်၍ ပိုမိုဆိုးရွားနေသည်။ ရိုဟင်ဂျာရွာများကို မြေထိုးစက်များဖြင့် မြေညှိ၊ ဖျက်ဆီးနေဆဲ ဖြစ်ကြောင်း မစ်ရှင်ကတွေ့ရှိခဲ့သည်။ (၂၀၁၇) ဩဂုတ်လ မှ (၂၀၁၉) ဧပြီလကြားတွင်၊ ခန့်မှန်းခြေအားဖြင့်၊ အဆောက်အအုံပေါင်း လေးသောင်းခြောက်ရာ (၄၀,၆၀၀) အဖျက်ဆီးခံခဲ့ရပြီး၊ အခြေချနေထိုင်ရာ နေရာပေါင်း (၂၀၀) ကျော် ရွာလုံးကျွတ် ပြာကျခဲ့သည်။ ၎င်းတို့အစား၊ ထွက်ပြေးသွားသူတို့က စိုက်ပျိုး၊ နေထိုင်ခဲ့သော မြေနေရာပေါ်တွင် အဆောက်အအုံအသစ်များကို တည်ဆောက်လျက်ရှိသည်။ ၎င်းတို့ကို အဓမ္မရွှေ့တပ်ဆွဲရာရောက်သော အခြေအနေများဖြင့်၊ ရိုဟင်ဂျာများကို ထိုအိမ်ခြေစီမံကိန်းများတွင် ဝိရောဓိသဖွယ် အတင်းအကျပ်အလုပ်လုပ်ခိုင်းကြောင်း မစ်ရှင်ကတွေ့ရှိခဲ့သည်။

၆။ ဤကဲ့သို့ မခံနိုင်လောက်အောင် ပြင်းထန်သော နောက်ခံအခြေအနေအပြင်၊ ရိုဟင်ဂျာတို့နှင်ထုတ်ခံခဲ့ရသော ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများ၌ ဖြစ်ပွားနေသော ရက္ခိုင့်တပ်တော်နှင့် တပ်မတော်တို့၏ တိုက်ပွဲများကြောင့် လုံခြုံမှုမရှိခြင်းက ပိုမိုတိုးပွားနေသည်။ ထိုသို့ ပဋိပက္ခ

ပြင်းထန်နေခြင်းက ယခုလက်ရှိတွင် ရိုဟင်ဂျာတို့ လုံခြုံစွာ၊ ဂုဏ်သိက္ခာရှိစွာနှင့် ပြန်လာရေး လုံးဝမဖြစ်နိုင်သည့် အခြေအနေသို့ ရောက်စေသည့် အပိုဆောင်း အချက်တစ်ချက်ဖြစ်ပါသည်။

၇။ မစ်ရှင်က ၎င်း၏ ယမန်နှစ်က အစီရင်ခံစာတွင် မှတ်တမ်းတင်ခဲ့သော အပြည်ပြည်ဆိုင်ရာ ဥပဒေလက်အောက်ရှိ ဆိုးရွားသော ရာဇဝတ်မှုများ၊ အထူးသဖြင့် (၂၀၁၆) နှင့် (၂၀၁၇) "ရှင်းလင်းစစ်ဆင်ရေးများ" ကြားတွင် ကျူးလွန်ခဲ့သော ပြစ်မှုများအတွက်၊ တာဝန်ခံမှုမှာ နစ်နာခံစားခဲ့ရသူများအတွက် မရေရာ၊ မသေချာသေးပါ။ မြန်မာနိုင်ငံ အစိုးရက တာဝန်ရှိသူများကို လိုအပ်သော အစီအမံများဖြင့် ထိရောက်စွာ စုံစမ်းစစ်ဆေးပြီး တရားစွဲဆိုခြင်း မရှိသေးပါ။

၈။ ဤအချက်များ၏ စုစုပေါင်း အကျိုးထိရောက်မှုအပေါ်မူတည်၍၊ အစိုးရ၏ လုပ်ရပ်များသည် ရခိုင်ပြည်နယ်တွင် ကျန်ရှိနေသော ရိုဟင်ဂျာများအား ဆက်လက်၍ စနစ်တကျနှင့် ပုံပုံနှံ့နှံ့ တိုက်ခိုက်ခြင်း၏ တစ်စိတ်တစ်ပိုင်း ဖြစ်ကြောင်း၊ မစ်ရှင်က ယုတ္တိရှိသော စံချိန်အရ ကောက်ချက်ချလိုက်သည်။ လူသားမျိုးနွယ် အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများဖြစ်သည့် လူမဆန်လုပ်ရပ်များနှင့် ဖိနှိပ်ညှဉ်းပမ်းမှု (ပါစီကျူးရှင်း) စသည်တို့ အရာရောက်သည့် ပြစ်မှုများဖြစ်သည်။

၉။ ထို့ပြင်၊ ရိုဟင်ဂျာတို့၏ နိုင်ငံသားအဆင့်အတန်းနှင့် တိုင်းရင်းသား အခေါ်အဝေါ်တို့ကို ဆက်လက်၍ ညင်းဆိုနေခြင်း၊ ၎င်းတို့အား ဆိုးဆိုးရွားရွား နေထိုင်မှု အခြေအနေများကို ခံခိုင်းခြင်း၊ ရိုဟင်ဂျာလူမျိုးများကို နိမ့်ကျသော လက်အောက်ခံအဖြစ် အသိအမှတ်ပြုသော ဥပဒေများကို ပြင်ဆင်မှု ပျက်ကွက်ခြင်း၊ ရိုဟင်ဂျာတို့ကို ပစ်မှတ်ထားသော အမုန်းစကားများ ဆက်လက်ပေါ်ပေါက်နေခြင်း၊ လွန်ခဲ့သည့် တစ်ကြိမ်က ဂျန်နိုဆိုက်ခေါ် မျိုးဖြုတ်ခြင်းပြစ်မှုကို ကျူးလွန်ခဲ့ခြင်း၊ (၂၀၁၆) နှင့် (၂၀၁၇) "ရှင်းလင်းစစ်ဆင်ရေးများ" နှင့် ပတ်သက်သည့် တာဝန်ခံမှုကို လျစ်လျူရှုထားခြင်းတို့ အပါအဝင်၊ ရိုဟင်ဂျာတို့အပေါ် ရန်လိုသော အစိုးရ၏ မူဝါဒများအား ထည့်သွင်းစဉ်းစားကာ၊ မစ်ရှင်က ယုတ္တိရှိသော စံချိန်အရ အောက်ပါအတိုင်း ကောက်ချက်ချလိုက်သည်။ မိမိတို့၏ လွန်ခဲ့သော အစီရင်စာတွင် ဖော်ပြထားသော အစိုးရ၏ "ဂျန်နိုဆိုက် အကြံအစည်"ကို ခန့်မှန်းနိုင်စေသည့် အထောက်အထားက ပိုမိုခိုင်မာလာသည်။ ဂျန်နိုဆိုက်လုပ်ရပ်များ ဖြစ်ပေါ်ရန်၊ သို့မဟုတ် ထပ်မံဖြစ်ပေါ်ရန် စိုးရိမ်ရသော ဖြစ်နိုင်ချေရှိသည်။ မြန်မာနိုင်ငံက ၎င်း၏တာဝန်ဖြစ်သော ဂျန်နိုဆိုက်ကို တားဆီးရေး၊ ဂျန်နိုဆိုက်ကို စုံစမ်းစစ်ဆေးရေး နှင့် ဂျန်နိုဆိုက်ကို ပြစ်မှုအဖြစ် သတ်မှတ်ရန်နှင့် အပြစ်ပေးရန် ထိရောက်သော ဥပဒေပြုရေးတို့ကို ပျက်ကွက်နေသည်။ ဤကဲ့သို့ နောက်ခံအခြေအနေကြောင့်၊ လူဦးရေ (၁) သန်းခန့်ရှိသော ရိုဟင်ဂျာဒုက္ခသည်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လုံခြုံစွာ၊ စိတ်ဆန္ဒ အလျောက်၊ ဂုဏ်သိက္ခာရှိစွာ နှင့် ရေရှည်တည်တံ့ခံနိုင်မည့် ပြန်လာရေး ဖြစ်မြောက်ရန် အခြေအနေများ မရှိသေးပါဟု မစ်ရှင်က ယူဆသည်။ လက်ရှိအခြေအနေများကြောင့် ၎င်းတို့၏ ပြန်လာရေး ယခုအချိန်တွင် လုံးဝမဖြစ်နိုင်ပါ။ လွန်ခဲ့သည့် နှစ်နှစ်အတွင်း ကောင်းမွန်သော ပြောင်းလဲမှု မရှိခဲ့သောကြောင့်၊ မစ်ရှင်အနေနှင့် မည်သည့်အချိန်တွင် ပြန်လည်လက်ခံရေး ဖြစ်နိုင်မည်ကို မခန့်မှန်းနိုင်ပါ။

**တပ်မတော်နှင့် ရက္ခိုင့်တပ်တော်တို့၏ ပဋိပက္ခ**

၁၀။ လတ်တလော ဖြစ်ပွားနေသော၊ ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် ချင်းပြည်နယ်တောင်ပိုင်းရှိ တပ်မတော်နှင့် ရက္ခိုင့်တပ်တော်တို့၏ ပဋိပက္ခတွင် အမည်ဆိုးဖြင့် ကျော်ကြားသော ဖြတ်လေးဖြတ် နည်းဗျူဟာအတိုင်း၊ တပ်မတော်၏ ရက်စက်သော စစ်ဆင်ရေးများ၏ ထူးခြားသိသာသော လက္ခဏာများစွာကို တွေ့ရှိရသည်။ အရပ်သားများက သောင်းကျန်းမှုကို မထောက်ပံ့နိုင်ရန် ကြိုးစားသည့် အနေနှင့် ရခိုင်တိုင်းရင်းသား အသိုင်းအဝိုင်းများ၏ အသက်သွေးကြောကို တပ်မတော်က ဖြတ်တောက်ထားသည်။ အစားအစာနှင့် အသက်မွေးဝမ်းကျောင်းတို့ကို လက်လှမ်းမီနိုင်မှုအား တိုက်ရိုက် ထိခိုက်သည့် လူထု၏ လွတ်လပ်စွာ သွားလာခွင့်ကိုသာမက လူသားချင်း စာနာထောက်ထားမှု လက်လှမ်းမီ ရေးကိုပါ ကန့်သတ်ထားသည်။ နောက်တစ်ကြိမ် ထပ်၍၊ အရပ်သားလူပြည်သူလူထု၊ အထူးသဖြင့် ရခိုင်နှင့် ချင်းအသိုင်းအဝိုင်းတို့က တပ်မတော် စစ်ဆင်ရေးများ၏ အပြင်းဆုံးဒဏ်ကို ခံကြရသည်။

၁၁။ တပ်မတော်၏ တိုက်ခိုက်မှုများကြောင့် ကလေးများအပါအဝင်၊ အရပ်သားများ အသက်ဆုံးရှုံးခဲ့ရကြောင်း မစ်ရှင်က တွေ့ရှိခဲ့သည်။ တပ်မတော်က ၎င်းတို့၏ လုပ်နေကျထုံးစံဖြစ်သော၊ ရွာများရှိ တိုက်ပွဲဝင်နိုင်သည့် အရွယ်ရောက် အမျိုးသားများနှင့် ယောက်ျားလေးများကို စနစ်တကျ စုဝေးပြီး မေးမြန်းစုံစမ်းခြင်း၊ တချို့ဖြစ်ရပ်များတွင် ထိန်းသိမ်းထားကာ၊ ၎င်းတို့က ရက္ခိုင့်တပ်တော်ကို ထောက်ပံ့ ကြောင်း ဝန်ခံချက်ရရန် ရည်ရွယ်ချက်ဖြင့် နှိပ်စက်ညှင်းပန်းခြင်းတို့ကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ဤသို့ လုပ်ထုံး၏ တိုက်ရိုက်ရလဒ်ဖြစ်သည့် ထိန်းသိမ်းထားစဉ် လူများသေဆုံးမှုများကိုလည်း မစ်ရှင်က မှတ်တမ်းတင်ခဲ့သည်။ ထိုလုပ်ရပ်အားလုံးက ရခိုင် တိုင်းရင်းသားများအတွက် ယေဘုယျအားဖြင့် ကြောက်လန့်ကာ လုံခြုံမှုမရှိသော အခြေအနေဖြစ်ပေါ်စေသည်။

၁၂။ လွန်ခဲ့သော လများတွင် ၎င်းနှင့် ရက္ခိုင့်တပ်တော်တို့၏ ပဋိပက္ခကြား၌ ဖြစ်ပွားခဲ့သော တပ်မတော်၏ တိုက်ခိုက်မှုအများစုက အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေ၏ စည်းမျဉ်းများစွာကို ချိုးဖောက်ခဲ့သည်ဟု ယုတ္တိရှိသော စံချိန်အရ မစ်ရှင်က ကောက်ချက်ချလိုက်သည်။ ၎င်းတို့သည် လက်လွတ်စပယ်တိုက်ခိုက်မှုများကို တားမြစ်သော စည်းမျဉ်းကို အထူးသဖြင့် ချိုးဖောက်ကြသည်။ အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေအား ချိုးဖောက်ခဲ့သည်ဟု မစ်ရှင်က တွေ့ရှိ ခဲ့သော အချက်များက ၎င်းနှင့်အတူ၊ လက်နက်ကိုင် တိုက်ပွဲအခြေအနေတွင် အကျုံးဝင်သော အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေ လက်အောက်ရှိ အသက်ရှင်သန်ပိုင်ခွင့်ကိုလည်း ချိုးဖောက်ရာရောက်သည်။ စစ်တပ်က စာသင်ကျောင်းများနှင့် ဝတ်ပြုကိုးကွယ်ရာနေရာများအား အသုံးပြုနေခြင်းကိုလည်း အာရုံစိုက်မှု ရှိစေရန် မစ်ရှင်က ခေါ်ဆိုပါသည်။ တိုက်ပွဲဝင် နှစ်ဖက်စလုံးအား ဤကဲ့သို့ လုပ်ထုံးကို ရပ်တန့်ရန် တိုက်တွန်း လိုက်ပါသည်။

၁၃။ တပ်မတော် စစ်ဆင်ရေးများ အားလုံးနှင့် ဆက်စပ်သော၊ ချွေးတပ်ဆွဲခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း နှင့် ဆိုးဆိုးရွားရွား ဆက်ဆံခြင်းစသည့် ချိုးဖောက်မှု ဓလေ့ထုံးစံများကို ရက္ခိုင့်တပ်တော်နှင့် ဖြစ်ပွားနေသော

ပဋိပက္ခကြားတွင် ထင်ရှားသည့် အင်္ဂါရပ်များ အနေနှင့် တွေ့ရှိခဲ့သည်။ ဤလုပ်ရပ်များသည် စစ်ရာဇဝတ်မှုများ အပါအဝင်၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေတို့အား ချိုးဖောက်ရာရောက်ပြီး၊ ၎င်းတို့အတွက် ထိရောက်သော စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ရန်လိုအပ်သည်။

၁၄။ ရှေးဟောင်းမြို့တော်ဖြစ်သော မြောက်ဦးမြို့အတွင်းသို့ တပ်မတော်မှ လက်လွတ်စပယ် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းက အပြည်ပြည်ဆိုင်ရာ ဥပဒေလက်အောက်ရှိ ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းဥစ္စာများကို ကာကွယ်ရေးစည်းမျဉ်းများကို ချိုးဖောက်ခဲ့ကြောင်းလည်း မစ်ရှင်က ယုတ္တိရှိသော စံချိန်အရ ကောက်ချက်ချလိုက်သည်။

၁၅။ သို့သော်လည်း၊ အထူးတခြားအနေနှင့်၊ အေအေချေမှုန်းရေး စစ်နည်းဗျူဟာ၏ အခန်းကဏ္ဍတစ်ခုအနေနှင့်၊ ရခိုင်အမျိုးသမီးများနှင့် မိန်းကလေးများကို တပ်မတော်က အလုံးအရင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခဲ့သည်ဟူသော အထောက်အထားများကို မစ်ရှင်က မတွေ့ရှိခဲ့ပါ။ (၂၀၁၇) "ရှင်းလင်းစစ်ဆင်ရေးများ"တွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ရိုဟင်ဂျာတို့အပေါ် စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခဲ့ပုံနှင့် သိသိသာသာ ကွာခြားလှသည်။ ၎င်းက အရပ်သားများနှင့် အရပ်သားပြည်သူလူထုကို တိုက်ခိုက်ရာတွင်၊ အမိန့်ပေးစနစ်၏ အမြင့်ဆုံးသော အဆင့်မှ ခေါင်းဆောင်များက မိမိတို့၏ လက်အောက်ခံ စစ်သားများကို မည်သည့်အချိန်တွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို အသုံးပြုရန်၊ မည်သည့်အချိန်တွင် အသုံးမပြုရန် ထိန်းချုပ်နိုင်ကြောင်း ညွှန်ပြသည်။

၁၆။ တပ်မတော်နှင့် နှိုင်းလျှင် သိသာစွာ လျော့နည်းသော အတိုင်းအတာနှင့် ဖြစ်သော်လည်း၊ ရက္ခိုင့်တပ်တော်ကလည်း ချွေးတပ်ဆွဲခြင်းနှင့် လူခိုးခြင်းတို့ အပါအဝင်၊ လူ့အခွင့်အရေး အလွဲသုံးစားမှုများနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေချိုးဖောက်မှုများအတွက် တာဝန်ရှိကြောင်း မစ်ရှင်က တွေ့ရှိခဲ့သည်။ ထိုချိုးဖောက်မှုများအတွက် ထိရောက်သော စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ရန် လိုအပ်သည်ဟု မစ်ရှင်က တွေ့ရှိခဲ့သည်။

## မြန်မာနိုင်ငံ မြောက်ပိုင်း

၁၇။ (၂၀၁၈) ဒီဇင်ဘာလမှစ၍၊ တပ်မတော်က တစ်ဖက်သတ် အပစ်အခတ်ရပ်ဆဲရေး ကြေငြာခဲ့သော်လည်း၊ ယမန်နှစ် အစီရင်ခံစာတွင် မှတ်တမ်းတင်ခဲ့သော မြန်မာနိုင်ငံမြောက်ပိုင်းရှိ ချိုးဖောက်မှု ဓလေ့ထုံးစံ အများစုက ဆက်လက်၍ ဖြစ်ပွားလျက်ရှိကြောင်း မစ်ရှင်က တွေ့ရှိခဲ့သည်။ ကချင်ပြည်နယ်တွင် တိုက်ပွဲများ လျော့နည်းခဲ့သော်လည်း၊ ရှမ်းပြည်မြောက်ပိုင်းတွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့ပြီး၊ မကြာသေးမီက အရပ်သားများ သေဆုံးခြင်းနှင့် ဒဏ်ရာရခြင်းတို့ ဖြစ်စေသော အပစ်အခတ်များ တိုးပွားလာခဲ့သည်။ မြန်မာနိုင်ငံ မြောက်ပိုင်းတွင်၊ အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု

ဥပဒေကို ချိုးဖောက်၍၊ တိုက်ပွဲဝင်နေသော အဖွဲ့များအားလုံးက လက်လွတ်စပယ် ပစ်ခတ်ခဲ့သောကြောင့် ဤသို့ သေဆုံးဒဏ်ရာရမှုများ ဖြစ်ပွားခဲ့ရခြင်းဖြစ်နိုင်သည်။ ၎င်းအချက်ကို ဆက်လက် စုံစမ်းစစ်ဆေး သင့်သည်။

၁၈။ လွန်ခဲ့သည့်နှစ်အတွင်း၊ တပ်မတော်နှင့် တပ်မတော် အထောက်အကူ ပြည်သူ့စစ်တို့က တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များဖြစ်သည်ဟု သံသယရှိသူများအား နှိပ်စက်ညှဉ်းပန်းခြင်းတို့ ဆက်လက်ကျူးလွန်ခဲ့ကြောင်း မစ်ရှင်က တွေ့ရှိခဲ့သည်။ လိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြု အကြမ်းဖက်မှုများက တခြားသော တိုင်းရင်းသားပဋိပက္ခများတွင် ပျံ့ပျံ့နှံ့နှံ့မရှိသော်လည်း၊ ကချင်နှင့် ရှမ်းပြည်နယ်တို့ရှိ ပဋိပက္ခများတွင် ၎င်းတို့က ထင်ရှားသည့် အင်္ဂါရပ်တစ်ရပ်အနေနှင့် ဆက်လက် ဖြစ်ပွား နေကြောင်းကိုလည်း မစ်ရှင်က တွေ့ရှိခဲ့သည်။ သို့သော်လည်း၊ ထိုအကြမ်းဖက်မှုတို့က (၂၀၁၇)တွင် ရိုဟင်ဂျာ တို့အား ကျူးလွန်ခဲ့ပုံနှင့် အတိုင်းအတာအရ သို့မဟုတ်၊ အစွန်းရောက်မှု ပမာဏအရ မတူပါ။

၁၉။ မြန်မာနိုင်ငံ မြောက်ပိုင်းရှိ လူသားချင်း စာနာထောက်ထားမှု အခြေအနေက ဆက်လက်၍ အထူးစိုးရိမ်စရာဖြစ်သည်။ အစိုးရလက်အောက်တွင် မရှိသော ဒေသများသို့ ကုလသမဂ္ဂ ဝင်ရောက်ခွင့် မရှိဘဲ၊ နောက်ထပ်တစ်နှစ်ထပ်ကုန်ခဲ့သည်။ ဒေသတွင် များသောအားဖြင့် လုံခြုံမှုမရှိသောကြောင့်၊ စစ်ဘေးရှောင် IDPများ ၎င်းတို့၏ မြေနေရာသို့ မပြန်နိုင်သေးပါ။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပြင်ဆင်ချက်များက အခြေအနေကို ပိုမိုဆိုးရွားစေခဲ့သည်။ မြေယာပိုင်စာချုပ်များနှင့် အများသုံး မြေနေရာများ အပေါ် မသေချာမရေရာမှုများ ပေါ်ပေါက်စေသည်။ မြေယာပေါ် မှီခို၍ အသက်မွေးဝမ်းကျောင်း လုပ်ကြသော မြန်မာနိုင်ငံ မြောက်ပိုင်းရှိ တိုင်းရင်းသားပြည်သူလူထုများစွာအတွက် ၎င်းတို့က မရှိမဖြစ်လိုအပ်သည်။

၂၀။ မြန်မာနိုင်ငံ မြောက်ပိုင်းရှိ လက်နက်ကိုင် တိုက်ပွဲ အခြေအနေတွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများက လူ့အခွင့်အရေး အလွဲသုံးစားမှုများနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားမှု ဥပဒေချိုးဖောက်မှုများတွင် ပါဝင်ပတ်သက်မှု ရှိကြောင်းကိုလည်း မစ်ရှင်က တွေ့ရှိခဲ့သည်။ အလွဲသုံးစားမှုများတွင် လက်လတ်စပယ် ထိန်းသိမ်းထားခြင်းနှင့် ရက်ရက်စက်စက် ပြုမူဆက်ဆံခြင်းတို့ ပါဝင်သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက အရွယ်ရောက်သူများကို အတင်းအကျပ် တပ်ဖွဲ့ဝင်ခိုင်းခြင်း၊ ကလေးသူငယ်များကို တပ်ဖွဲ့ဝင်ခိုင်းခြင်းနှင့် ခိုင်းစားခြင်း၊ မြေမြှုပ်မိုင်းများကို အသုံးပြုခြင်း၊ ၎င်းတို့၏ လက်အောက်ခံဒေသရှိ အရပ်သားများကို တိုက်ပွဲများ၏ ဒဏ်ကို ခံရစေခြင်းတို့ ကျူးလွန်ခဲ့သည်ဆိုသော အမှုများနှင့် ပတ်သက်သည့် အချက်အလက်များကို မစ်ရှင်က မှတ်တမ်းတင်ခဲ့သည်၊ သို့မဟုတ် လက်ခံရရှိခဲ့သည်။ ခရစ်ယာန်လူနည်းစုအား ဖိနှိပ်ညှဉ်းပမ်းသည်ဆိုသော စွပ်စွဲချက်နှင့် ပတ်သက်သည့် အချက်အလက်များကိုလည်း မစ်ရှင်က စုဆောင်းခဲ့သည်။ ကချင်နှင့် ရှမ်းပြည်နယ်တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက ကျူးလွန်ခဲ့သော လိင်ပိုင်းဆိုင်ရာနှင့်

ကျားမအခြေပြု အကြမ်းဖက်မှု ထုတ်ပြန်ချက်များအပေါ် ဆက်လက် စုံစမ်းစစ်ဆေးရန် လိုသည်ဟုလည်း မစ်ရှင်က ကောက်ချက်ချလိုက်သည်။

၂၁။ ၎င်းတို့၏ အခြေအနေအပေါ်သို့ လည်းကောင်း၊ ဆက်လက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်လိုအပ်ကြောင်းကို လည်းကောင်း၊ အာရုံစိုက်မှုရှိစေရန် တိုက်တွန်းသည့် အနေနှင့်၊ ကရင်ပြည်နယ်ရှိ ကရင်တိုင်းရင်းသား လူမျိုးနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တိုင်းရင်းသားလူမျိုးစုများ၏ အခြေအနေနှင့် ပတ်သက်သည့် အချက်အလက် အနည်းအကျဉ်းကို မစ်ရှင်က စုဆောင်းခဲ့သည်။

၂၂။ ကရင်လူမျိုးတို့နှင့် ပတ်သက်၍၊ (၁၉၄၉) ခုနှစ်မှစကာ၊ နှစ်ပေါင်းကြာရင့်ပြီဖြစ်သော လက်နက်ကိုင်တိုက်ပွဲများ၏ နောက်ခံအခြေအနေတွင်၊ တပ်မတော်က ဆက်လက်ပြီး ကရင်တို့၏ ရပိုင်ခွင့်များကို ချိုးဖောက်လျက်သည်ဆိုသော စွပ်စွဲချက်များကို ဆက်လက် စုံစမ်းစစ်ဆေးသင့်သည်ဟု မစ်ရှင်က တွေ့ရှိခဲ့သည်။ တပ်မတော်၏ လမ်းဖောက်လုပ်ရပ်ကြောင့် တပ်မတော်နှင့် ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA) တို့ တစ်ကျော့ပြန် တိုက်ပွဲဖြစ်ပွားသည်။ ထို့ကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှု အသစ်များကို ဖြစ်ပေါ်လာခဲ့သည်ဆိုသော ယုံကြည်ထိုက်သည့် ထုတ်ပြန်ချက်များ ထွက်ပေါ်လာသည်။ တိုက်ပွဲများနှင့် ရန်လိုမှုများက မြန်မာ-ထိုင်း နယ်စပ်တွင် အခြေဆိုက်နေသော ကရင်ဒုက္ခသည်များ မူလနေရာသို့ ပြန်လာရန် ဖြစ်ပေါ်နိုင်ချေကို ထိခိုက်စေသည်။

၂၃။ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အခြေအနေအပေါ်လည်း ဆက်လက်စုံစမ်းရန် လိုအပ်သည်။ ရှမ်းပြည်မြောက်ပိုင်းရှိ ၎င်းဒေသများတွင် သံသရာလည်ဖြစ်ပေါ်နေသော တိုက်ပွဲများတွင် တပ်မတော် စစ်ဆင်ရေးများ၏ ထူးခြားသိသာသော လက္ခဏာ အချို့ကို တွေ့ရသည်။ အရပ်သားများကို သတ်ဖြတ်ခြင်းနှင့် အရပ်သား ပြည်သူလူထုကို သိသိသာသာ ဖယ်ရှားေသော လူသားချင်း စာနာထောက်ထားမှု ဝင်ရောက်ခွင့် အပါအဝင်၊ ကန့်သတ်ချက်များ အမျိုးစုံတို့ ပါဝင်သည်။

၂၄။ ၎င်းတို့၏ ကိုယ်ပိုင် အချက်အလက်များနှင့် ရှုထောင့်များဖြင့် တိုင်းရင်းသား လူနည်းစုတစ်စုစီ၏ အခြေအနေများက တစ်စုနှင့် တစ်စုမတူသော်လည်း၊ တိုင်းရင်းသား အုပ်စု တစ်စုစီ၌ အားလုံးနှင့် တူသော ဘုံကြိုးဆက်တစ်ခုအခြေအနေများ၏နောက်ခံတွင်ရှိသည်။ ဤအစီရင်ခံစာတွင် ဖော်ပြခဲ့သော တိုင်းရင်းသား လူမျိုးအားလုံးက တပ်မတော်လက်အောက်တွင် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာထောက်ထားရေး ဥပဒေ ချိုးဖောက်မှုများကို ခံစားခဲ့ရသည်။ တပ်မတော် လှုပ်ရှားသည့် နေရာတိုင်းတွင် အနှံ့အပြား ဖြစ်ပေါ်သော မလုံခြုံမှုနှင့် ခက်ခဲဒုက္ခတို့ကို ကြုံတွေ့ခဲ့ကြရသည်။ လူမျိုးစု အားလုံးသည် ၎င်းတို့၏ အစဉ်အလာအရ ပိုင်ဆိုင်သော မြေနေရာများမှ နှင်ထုတ်ခံခဲ့ရသည်။ ဘေးဖယ်ထုတ်သော ပုံစံရှိသည့် တပ်မတော် မူဝါဒများ၏ အုပ်စိုးမှုကို ခံကြရသည်။

၂၅။ မစ်ရှင်က စုံစမ်းစစ်ဆေးခဲ့သော တိုင်းရင်းသား လူနည်းစု အသိုင်းအဝိုင်းများ အားလုံးသည် ၎င်းတို့အပေါ် ကျူးလွန်ခဲ့သော လေးလေးနက်နက် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တရားမျှတမှုကို ဆုံးရှုံးခဲ့ရသည်။ ထို့ကြောင့်၊ တိုင်းရင်းသား လူနည်းစုများ၏ အခြေအနေကို တစ်ကြိမ်ထပ်ပြီး မီးမောင်း ထိုးပြရန် လိုအပ်ကြောင်း မစ်ရှင်က တွေ့ရှိခဲ့သည်။ ၎င်းတို့အပေါ် ကျူးလွန်ခဲ့သော ချိုးဖောက်မှုများအတွက် လွတ်လပ်ပြီး ဘက်မလိုက်သော အကဲဖြတ်သတ်မှတ်ချက်ကို ဖော်ပြရန်ရည်ရွယ်ပါသည်။ ထို့ပြင်၊ တပ်မတော်ကို အကာအကွယ်ပေးခြင်းဖြင့်၊ အနာဂတ်တွင် အကြမ်းဖက်မှုများ အဆက်ဆက် ဆက်လက် ဖြစ်ပေါ်စေသော၊ ပြစ်ဒဏ်မှ ကင်းလွတ်ခြင်း သံသရာကို နောက်ဆုံးပိတ် ဖြတ်တောက်ပြီး၊ ထိုကဲ့သို့ ချိုးဖောက်မှုများကို ရပ်တန့်ရန်၊ မြန်မာနိုင်ငံ အစိုးရနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းအား ခေါ်ဆိုလိုက်ပါသည်။